# News January 2017

## "နှုတ်ခွန်းဆက်လွှာ"

သင်တို့အားလုံးကို နှစ်သစ်မင်္ဂလာအချိန်အခါဖြစ်ပါစေကြောင်း သာသနာ့ ဆက်သွယ်ရေးဌာနမှ နှုတ်ခွန်းဆက်သလိုက်ပါသည်။ ဘုရားသခင်၏ကျေးဇူးတော်နှင့် ပို့ဆောင်တော်မူခြင်းကြောင့် ၂၀၁၆ ခုနှစ် တစ်နှစ်တာပတ်လုံးဘေးအန္တရာယ်အပေါင်းမှကင်းလွတ်လျက် အမှုတော်မြတ်၌အတူတကွလက်တွဲလုပ်ဆောင်နိုင်ခဲ့သည့်အတွက် ကျေးဇူးတော်ကို ချီးမွမ်းပါသည်။

ဤနှစ်သစ် ၂၀၁၇ ခုနှစ်၊ တစ်နှစ်တာပတ်လုံး ဘုရားရှင်သည် ဆက်လက်၍ မြန်မာယူနီယံအသင်းတော်ကြီးကို သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် လမ်းပြပို့ဆောင်လျက် အထူးအောင်မြင်သောနှစ်ဖြစ်ရန် တစ်ဦးနှင့်တစ်ဦးကူညီပံ့ပိုးလျက်၊ အတူတကွ လက်တွဲပြီးအားကြိုးမာန်တက်လုပ်ဆောင်သွားကြပါစို့။

## "တောင်းဆိုချက်"

ယူနီယံလူကြီးများ၏အားပေးမှုအားဖြင့် မြန်မာယူနီယံ၏သတင်းကို အချိန်နှင့် တပြေးညီ (up to date) ဖြစ်အောင်လုပ်ဆောင်နိုင်ရန် ဤနှစ် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလမှစ၍ တစ်လတစ်ကြိမ်သတင်းထုတ်ဝေဖြန့်ချီနိုင်ရန် သာသနာ့ဆက်သွယ်ရေးဌာနမှ လုပ်ဆောင်သွားမည်ဖြစ်ပါသည်။ သို့ပါ၍ မြန်မာယူနီယံသတင်းကို လစဉ် ထုတ်ဝေနိုင်ရန် မြန်မာယူနီယံမှလူကြီးများနှင့်ဌာနဆိုင်ရာညွှန်ကြားရေးမှူးများ၊ မစ်ရှင်မှလူကြီးများနှင့် ဌာနဆိုင်ရာညွှန်ကြားရေးမှူးများ၊ ဓမ္မတက္ကသိုလ်နှင့်အထက်တန်းကျောင်းအသီးသီးမှ ကျောင်းအုပ်ကြီးများ၊ အထူးသဖြင့် မစ်ရှင်သာသနာ့ဆက်သွယ်ရေး ညွှန်ကြားရေးမှူးများအနေဖြင့် မိမိတို့၏နယ်အသီးသီးမှလုပ်ဆောင်သောသင်တန်းများ၊ တရားပွဲများ၊ အထူးအစီအစဉ်များနှင့် သာရေး/နာရေးဆိုင်ရာသတင်းများကို ဓါတ်ပုံနှင့်တကွ လကုန်ပြီး ပထမအပတ် (၅) ရက်နေ့အရောက် ယူနီယံသာသနာ့ဆက်သွယ်ရေးဌာနသို့ ပေးပို့ပေးပါရန်၊ သို့မှသာ ဒုတိယအပတ်တွင် ထုတ်ဝေဖြန့်ချီနိုင်ရန် ဖြစ်ပါသည်။

သို့ပါ၍အချိန်နှင့်တပြေးညီထုတ်ဝေဖြန့်ချီနိုင်ရန် မြန်မာယူနီယံ၏သတင်းနှင့် နည်းပညာ (IT) တာဝန်ခံ (Thang Pau) ၏ (Face Book) တွင်လည်းကောင်း၊ (shinetha1961@gmail.com) သို့လည်းကောင်း၊ မိမိတို့၏လုပ်ဆောင်ခဲ့သော အကြောင်းအရာများကို ဓါတ်ပုံနှင့်တကွ တိုက်ရိုက်ပေးပို့ပေးပါရန် အထူးမေတ္တာရပ်ခံအပ်ပါသည်။

ဤ ၂၀၁၇ ခုနှစ်၏အသင်းတော်ဆောင်ပုဒ်မှာ ("Reach The World: Christ Our Righteousness") "ကမ္ဘာကိုအရောက်လှမ်းပါ - ခရစ်တော် ကျွန်ုပ်တို့၏ ဖြောင့်မတ်ခြင်း" ဖြစ်ပါသည်။ သို့ပါ၍ သက်ဆိုင်ရာ တိုင်းသာသနာ့ဆက်သွယ်ရေးညွှန်

ကြားရေးမှူးများအနေဖြင့် သက်ဆိုင်ရာအသင်းတော်အသီးသီးမှအသင်းအုပ် ဆရာ/မ များအား အကြောင်းကြားပေးပါရန်နှင့်မိမိတို့၏ဘုရားကျောင်း၌ ငှင်းဆောင်ပုဒ်ကို တပ်ဆင်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

သင်တို့အားလုံးအပေါ်၌ ဘုရားသခင်ထံမှ နှစ်သစ်၏ကောင်းချီးမင်္ဂလာအဖြာ ဖြာနှင့်တကွ ကျန်းမာခြင်း၊ ပျော်ရွှင်ခြင်း၊ ငြိမ်သက်ခြင်း၊ ဝမ်းမြောက်ခြင်းများ ရရှိနိုင်ကြပါစေ။ အာမင်။

အမှုတော်မြတ်၌
ရှိုင်းသာဒွေး၊ ညွှန်ကြားရေးမှူး
ယူနီယံသာသနာ့ဆက်သွယ်ရေးဌာန

## "အထက်မြန်မာပြည်တိုင်းဥက္ကဋ္ဌ၏သဝဏ်လွှာ"

မြန်မာယူနီယံသာသနာနယ်အတွင်း မှီတင်းနေထိုင်ကြသောမြော်လင့်ခြင်း အသင်းသူ/သားညီအစ်ကိုမောင်နှမအားလုံး၊ ၂၀၁၇ ခုနှစ် နှစ်သစ်၌ဖဘုရားသခင်၏ ကျေးဇူးတော်အားဖြင့် ကောင်းကျိုးချမ်းသာမင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းပေးလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

ပထမဦးဆုံးအနေဖြင့် ဆက်သွယ်ရေးဌာနအပါအဝင် ၂၀၁၇ ခုနှစ်မှစတင် ၍ တစ်လတစ်ကြိမ် ယူနီယံသတင်းထုတ်ဝေဖြန့်ချိနိုင်ရန် အားပေးတိုက်တွန်းသော ယူနီယံ လူကြီးများကို ကျေးဇူးတင်စကားပြောလိုပါသည်။ အဘယ်ကြောင့်ဆိုသော် "ဝေးသောပြည် မှရောက်လာသော ဝမ်းမြောက်စရာသတင်းစကားသည် ရေငတ်သော သူ၌ချမ်းဧသော ရေကဲ့သို့ဖြစ်၏။" (သုတ္တံကျမ်း ၂၅း၂၅)။ ထို့အပြင်၊ ကျွန်တော်မမှားခဲ့သော် ယူနီယံ သတင်းကိုလစဉ်ထုတ်ခြင်းမရှိခဲ့သေးပါ။

ယူနီယံဆက်သွယ်ရေးဌာနသည် အမှုတော်အတွက် ဆေးရုံ၏ရောဂါရှာဖွေသော ဓါတ်မှန်ဌာနနှင့်တူလာလိမ့်မည်ဟုမြင်ထားပါသည်။ ဆိုလိုသည်မှာ အမှုတော် ဆောင်ရွက်မှု မရှိလျှင် သတင်းမရှိဖြစ်သွားလိမ့်မည်။ သတင်းရှိအောင် လှုပ်ရှားရပါမည်။ မြန်မာယူနီယံ အတွင်းရှိ တိုင်းငါးတိုင်းမှ ဝမ်းမြောက်ဘွယ်အမှုတော်သတင်းနှင့် ယူနီယံသတင်းဝေဆာ နိုင်ပါစေဟု အခွင့်အခါသင့်ခိုက် ဆန္ဒပြုလိုပါသည်။ ယူနီယံ သတင်းလှုပတိုးတက်စေရေး တိုင်းအသီးသီးမှ ကြိုးပမ်းကြပါစို့ ဟုတိုက်တွန်းနှိုးဆော် အပ်ပါသည်။

ဦးကပ်လျန်ထန်း
ဥက္ကဋ္ဌ
အထက်မြန်မာပြည်တိုင်း

# “၂၀၁၆ ခုနှစ် ဝိညာဉ်ရိတ်သိမ်းရရှိခြင်းနှင့် ၂၀၁၇ ခုနှစ်ဝိညာဉ်ပန်းတိုင်”

မြန်မာမြော်လင့်ခြင်းသတင်းများကိုဖတ်ရှုကြသောချစ်မိတ်ဆွေများ ခင်ဗျား။ ၂၀၁၆ ခုနှစ် ကုန်ဆုံး၍ယခု ၂၀၁၇ ခုနှစ် နှစ်သစ်မင်္ဂလာအချိန်အခါတွင် အားလုံးကို မင်္ဂလာနှင့်ပြည့်ဝသောနှစ်သစ်အချိန်အခါဖြစ်ကြပါစေကြောင်း မြန်မာယူနီယံဓမ္မရေးရာဌာနမှနှုတ်ခွန်းဆက်လိုက်ပါသည်။

ယခု ၅ နှစ်တာအတွင်း “ကမ္ဘာကိုအရောက်လှမ်းပါ” ဆိုသည့်ဆောင်ပုဒ်နှင့်အညီ ၂၀၁၆ ခုနှစ်အဆုံးတွင် တိုင်းအသီးသီးမှ ဝိညာဉ်ရိတ်သိမ်းခြင်းကိုပြန်လည်သုံးသပ်သည့်အခါ အောက်ပါအတိုင်းတွေ့ရှိရပါသည်။

| တိုင်း | ဝိညာဉ်ပန်းတိုင် | ပထမဒုလပတ် | ဒုတိယ | တတိယ | စတုတ္ထ | စုစုပေါင်း |
|---|---|---|---|---|---|---|
| ဧရာဝတီ | ၈၀၀ | ၃၂ | ၃၉ | ၃၆ | ၇၆ | ၁၈၃ |
| အလယ်ပိုင်း | ၇၀၀ | ၂၆ | ၂၆ | ၁၄ | ၆၄ | ၁၃၀ |
| အရှေ့တောင် | ၈၀၀ | ၄၀ | ၃၁ | ၅ | ၁၁၄ | ၁၉၀ |
| အထက်ပိုင်း | ၁၀၀၀ | ၃၈ | ၁၀၃ | ၂၅ | ၁၅၂ | ၃၁၈ |
| ရန်ကုန်တိုင်း | ၇၀၀ | ၉၀ | ၃၈ | ၂၂ | ၆၁ | ၂၁၁ |
| | ၄၀၀၀ | ၂၂၆ | ၂၃၇ | ၁၀၂ | ၄၆၇ | ၁၀၃၂ |

၂၀၁၆ ခုနှစ် ဝိညာဉ်ရိတ်သိမ်းမှုအခြေအနေကို ပြန်လည်သုံးသပ်ရာတွင် ပထမကွာတာတွင် ဝိညာဉ် ၂၂၆ လုံး၊ ဒုတိယကွာတာတွင် ဝိညာဉ် ၂၃၇ လုံး၊ တတိယကွာတာတွင် ဝိညာဉ် ၁၀၂ လုံး၊ စတုတ္ထကွာတာတွင် ၄၆၇ လုံးရရှိပြီး စုစုပေါင်း ဝိညာဉ်ပေါင်း ၁၀၃၂ လုံးကိုရိတ်သိမ်းနိုင်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ်၊ တိုင်းအသီးသီးမှ ဝိညာဉ်ရိတ်သိမ်းခြင်းတွင် ဧရာဝတီတိုင်းမှ ၁၈၃ လုံး၊ အလယ်ပိုင်းတိုင်းမှ ၁၃၀၊ အရှေ့တောင်တိုင်းမှ ၁၉၀၊ အထက်ပိုင်းတိုင်းမှ ၃၁၈ လုံးနှင့်ရန်ကုန်တိုင်းမှ ဝိညာဉ် ၂၁၁ လုံး ရိတ်သိမ်းနိုင်ခဲ့ပါသည်။ ယူနီယံဓမ္မရေးရာဌာနမှ တိုင်းအသီးသီးအား မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

ယခု ၂၀၁၇ ခုနှစ်တွင်လည်း အမှုတော်၌ဝိညာဉ်ရိတ်သိမ်းခြင်းလုပ်ငန်းများ၌ ဝိုင်းဝန်းဆက်ကပ်ပါဝင်သွားကြပါစို့။

၂၀၁၇ ခုနှစ်တွင် ဓမ္မရေးရာဌာနမှ တိုင်းအသီးသီးအတွက်ချမှတ်ထားသည့် ဝိညာဉ်ပန်းတိုင်များကိုအောက်ပါအတိုင်းတင်ပြအပ်ပါသည်။

| တိုင်း | ဝိညာဉ်ပန်းတိုင် |
|---|---|
| ဧရာဝတီ | ၁၀၀၀ |
| အလယ်ပိုင်း | ၉၀၀ |

| | |
|---|---|
| အရှေ့တောင် | ၁၀၀၀ |
| အထက်ပိုင်း | ၁၂၀၀ |
| ရန်ကုန်တိုင်း | ၉၀၀ |

ဇန်နဝါရီလ ၁၁ ရက်နေ့မှ ၂၁ ရက်နေ့အထိ ၁၀ ရက် အထူးဆုတောင်းပွဲကိုအောင်မြင်စွာကျင်းပခဲ့ပါသည်။ ဝိညာဉ်တော်တန်ခိုးကိုအပြည့်အဝခံယူပြီး ၂၀၁၇ ခုနှစ်ကို အောင်မြင်စွာဖြင့် ဆက်လက် ဆက်ကပ်လုပ်ဆောင်သွားကြပါစို့။

အမှုတော်မြတ်၌

ခင်မောင်လတ်၊ ညွှန်ကြားရေးမှူး

ယူနီယံဓမ္မရေးရာဌာန

## "၂၀၁၆ ခုနှစ် ဆယ်ဘို့တစ်ဘို့နှင့်အလှူငွေရရှိစာရင်း"

| တိုင်း | ဆယ်ဘို့တစ်ဘို့ပန်းတိုင် | ရရှိမှု |
|---|---|---|
| ဧရာဝတီ | ၂၃၀,၀၀၀,၀၀၀ | ၂၇၄,၁၇၂,၂၃၈ |
| အလယ်ပိုင်း | ၁၅၀,၀၀၀,၀၀၀ | ၁၈၂,၆၃၃,၆၆၁ |
| အရှေ့တောင် | ၂၅၀,၀၀၀,၀၀၀ | ၂၈၃,၃၆၉,၇၆၄ |
| အထက်ပိုင်း | ၆၀၀,၀၀၀,၀၀၀ | ၅၃၃,၀၈၉,၉၂၂ |
| ရန်ကုန်တိုင်း | ၃၇၀,၀၀၀,၀၀၀ | ၄၁၉,၆၆၅,၈၄၇ |
| ယူနီယံ | | ၂၃,၉၁၂,၆၉၅ |

| တိုင်း | အလှူငွေပန်းတိုင် | ရရှိမှု |
|---|---|---|
| ဧရာဝတီ | ၅၇,၅၀၀,၀၀၀ | ၅၁,၅၇၉,၄၇၅ |
| အလယ်ပိုင်း | ၃၇,၅၀၀,၀၀၀ | ၃၈,၅၅၄,၃၈၁ |
| အရှေ့တောင် | ၆၂,၅၀၀,၀၀၀ | ၆၄,၄၁၀,၈၁၅ |
| အထက်ပိုင်း | ၁၅၀,၀၀၀,၀၀၀ | ၁၄၅,၈၈၂,၀၉၀ |
| ရန်ကုန်တိုင်း | ၉၂,၅၀၀,၀၀၀ | ၁၁၂,၁၂၁,၅၄၅ |

အထက်ပါစာရင်းကိုကြည့်သောအခါ တိုင်းအသီးသီးမှ ပန်းတိုင်မပြည့်မှီသော်လည်း စုစုပေါင်းတွင်ပန်းတိုင်ပြည့်မှီကျော်လွန်သွားပါသည်။ အလှူရှင်ယုံကြည်သူများအားလုံးအပေါ် အထူးကျေးဇူးတင်ပါသည်။ ဘုရားသခင့်နာမတော်ချီးမွမ်းပါသည်။

၂၀၁၇ ခုနှစ်အတွက်ပန်းတိုင်များ။

| တိုင်း | ဆယ်ဘို့တစ်ဘို့ | အလှူငွေ |
|---|---|---|
| ဧရာဝတီ | ၂၅၀,၀၀၀,၀၀၀ | ၈၇,၅၀၀,၀၀၀ |
| အလယ်ပိုင်း | ၁၇၀,၀၀၀,၀၀၀ | ၆၇,၅၀၀,၀၀၀ |
| အရှေ့တောင် | ၃၇၀,၀၀၀,၀၀၀ | ၉၂,၅၀၀,၀၀၀ |
| အထက်ပိုင်း | ၇၂၀,၀၀၀,၀၀၀ | ၁၈၀,၀၀၀,၀၀၀ |
| ရန်ကုန်တိုင်း | ၅၉၀,၀၀၀,၀၀၀ | ၁၂၂,၅၀၀,၀၀၀ |

၂၀၁၇ ခုနှစ်အတွက် တိုင်းအသီးသီး၏ပန်းတိုင်မှာအနည်းငယ်စီများသွားကြောင်းတွေ့ရမည်ဖြစ်သည်။ ကျွန်ုပ်အားပေးလိုသည်မှာ ဝိညာဉ်များများရိတ်သိမ်းနိုင်ရန်ဆုတောင်းပေးကြပါ။ အမှုဆောင်များအနေနှင့် အသင်းသားများထံရောက်အောင်သွားပါ။ အားပေးပါ။ ဆုတောင်းပေးပါ။ အလိုအလျောက် ဆယ်ဘို့တစ်ဘို့နှင့်အလှူငွေပန်းတိုင်ကျော်သွားပါလိမ့်မည်။ ၂၀၁၇ ခုနှစ်တွင်လည်း ဘုရားသခင်သည် အသင်းတော်ကြီးကို ပို့ဆောင်ပါစေ။

အမှုတော်မြတ်၌
ဦးကိုင်ခန့်ခွါလ်၊ ညွှန်ကြားရေးမှူး
ယူနီယံဘဏ္ဍာစိုးဌာန

## "ပဲခူးဘိုးဘွားရိပ်သာ"
## ဘိုးဘွားများလက်ခံရန် စည်းမျဉ်းစည်းကမ်းများ။

၁။ လူမျိုးမရွေး၊ ဘာသာမရွေး မည်သူမဆိုလက်ခံမည်။
၂။ အသက် (၇၀) နှစ်နှင့်အထက်ရှိသော အဘိုးအဘွားဖြစ်ရမည်။
၃။ ရပ်ကွက်လူကြီး၊ အသင်းအုပ်ဆရာ၊ နယ်တာဝန်ခံများထောက်ခံချက်ပါရှိသူဖြစ်ရမည်။
၄။ ကြည့်ရှုမည့်သူ သား၊ သမီး၊ ဆွေမျိုး၊ ကျောထောက်နောက်ခံမရှိသူဖြစ်ရမည်။
၅။ အိမ်ထောင်စုစာရင်းနှင့် အမျိုးသားမှတ်ပုံတင်အမှန်ရှိသူဖြစ်ရမည်။
၆။ ကျန်းမာခြင်းကောင်းသောသူ၊ ကူးစက်တတ်သောရောဂါမရှိသူဖြစ်ရမည်။
၇။ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ရှုပ်ထွေးမှုကင်းရှင်းသူဖြစ်ရမည်။
၈။ မည်သည့်ဘိုးဘွားရိပ်သာတွင်မှ မနေခဲ့ဘူးသောသူဖြစ်ရမည်။
၉။ အထက်ပါစည်းမျဉ်းများနှင့်ညီညွတ်သောသူများအားကော်မတီအဖွဲ့မှစိစစ်ပြီးကိုယ်ရေးရာဇဝင်အချက်အလက်ရယူလျက် ဝင်ခွင့်ပုံစံဖြည့်စွက်ပြီးမှ လက်ခံရမည်။

၁၀။ အထက်ပါစည်းမျဉ်းစည်းကမ်းဘောင်ထဲမဝင်ပါက ကော်မတီ၏ဆုံးဖြတ်ချက်အတိုင်း ဖြစ်ရမည်။ (ဆုံးဖြတ်ချက်အမှတ် - ၂၀၁၆-၀၁၇)

အတွင်းရေးမှူး
မြန်မာယူနီယံမြော်လင့်ခြင်းဘိုးဘွားရိပ်သာကော်မတီ

"မြော်လင့်ခြင်းဘိုးဘွားရိပ်သာကော်မတီဝင်များ"

1. Pr. Timothy Muna Paul, Chairperson
2. Pr. Kai Khan Khual, Secretary
3. Mr. Cally Thein, Treasurer
4. Dr. Kyaw Tin, Member
5. Pr. Samuel Po, Member
6. U Than Tun, Member
7. U Kyaw Soe Hlaing, Member
8. U Cin Suan Mung, Member
9. Mr. Wesley Doe, Member
10. Daw Sophia Doe, Member
11. Daw Julie Thein, Member
12. Daw Ruby Paul, Member
13. Daw Aye Aye Oo, Member
14. Daw Thazin Kyaw, Member

## "လှိုင်ကော်မြို့ပေါ်တရားပွဲ"

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၄-၁၆ ရက်နေ့တွင် လှိုင်ကော်မြို့ပေါ်သာသနာ တရားပွဲကိုကျင်းပခဲ့ကြောင်း၊ ရှမ်း၊ ကယားသာသနာနယ်အတွင်းကြိုတင်ပြင်ဆင်မှုအနေဖြင့် အမှုတော်ဆောင်များပါဝင်ကာ အချိန် ၄ လခန့်ကြိုတင်လုပ်ဆောင်ခဲ့ကြောင်း၊ တရားပွဲကျင်းပချိန်တွင် ယူနီယံမှ Pr. Khin Mg Latt နှင့် Pr. Ser Nay ၊ အလယ်ပိုင်းတိုင်းမှ ဌာနဆိုင်ရာညွှန်ကြားရေးမှူးများ ပါဝင်ဆက်ကပ်ကြကြောင်း၊ တရားပွဲအစပိုင်းတွင် Pr. ဟေရှာယ ဦးဆောင်ပြီး အခမဲ့ကျန်းမာရေးစစ်ဆေးပေးခြင်းများပြုလုပ်ခဲ့ကြောင်း၊

ညစဉ် တရားဒေသနာကို အငြိမ်းစားဆရာတော်ကြီး ဦးခင်မောင်ငြိမ်းကဟောကြားခဲ့ကြောင်း၊ တေးသံရှင် ဆရာမနီနီရှင်နှင့်မေသက်ထားတို့က ဓမ္မတေးသီချင်းသီဆို

ပေးခြင်းဖြင့် ပါဝင်ဆက်ကပ်ခဲ့ကြောင်း၊ တရားပွဲအပြီးတွင် ဝိညာဉ်ပေါင်း ၁၅ လုံးရိတ်သိမ်းခဲ့ကြောင်းသတင်းရရှိပါသည်။

Pr. သိန်းထွဋ်ဝင်း
လှိုင်ကော်သာသနာနယ်စီး



## "အလယ်ပိုင်းတိုင်း၊ ရေတာရှည်မြို့နယ်၊ ကျောက်ပုံတရားပွဲ"

မြန်မာယူနီယံမြော်လင့်ခြင်းသာသနာဌာန ညွှန်ကြားရေးမှူး Pr. Thang Kang Lo ၊ အလယ်ပိုင်းတိုင်းဥက္ကဌ Pr. Alvin Po Po Hla နှင့် Buddhist Ministry Church Planter ဆရာကလူထူးတို့မှဦးဆောင်၍ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၀-၁၅ ရက်နေ့အထိ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများရှိရာ ရေတာရှည်မြို့နယ်၊ ကျောက်ပုံကျေးရွာတွင် ရက်တိုတရားပွဲ ကျင်းပခဲ့ကြောင်း၊ နေ့ပိုင်းတွင် ကျန်းမာခြင်းဆိုင်ရာ ဟောပြောပွဲများနှင့်အတူ သဘာဝကုထုံးများဖြစ်သည့် ရေကုထုံးနှင့်မီးသွေးကုထုံး၊ အနှိပ်ကုထုံးများအားဖြင့် လူနာများအားကုသပေးပြီး ညပိုင်းတွင် တရားဟောပြောခဲ့ကြောင်း၊ တရားပွဲအဆုံး၌ ဗုဒ္ဓဘာသာ မြန်မာလူမျိုး ၁၂ ဦး နှစ်ခြင်းခံယူခဲ့ကြောင်း သတင်းရရှိပါသည်။



# "ကလေးများသာသနာဌာနနှင့်မိသားစုသာသနာဌာနသတင်း"

မြန်မာယူနီယံ ကလေးများသာသနာဌာနနှင့်မိသားစုသာသနာဌာနတို့ ပူးပေါင်း၍ ၂၀၁၆ ခုနှစ်အတွင်း ကလေးများတရားပွဲကို နေရာ ၃ နေရာတွင်ပြုလုပ် ကျင်းပခဲ့ကြောင်း၊ အောက်တိုဘာလ ၂၇ ရက်မှ နိုဝင်ဘာလ ၅ ရက်နေ့ထိ ဧရာဝတီတိုင်းကလေးများသာသနာနှင့်မိသားစုသာသနာညွှန်ကြားရေးမှူး ဆရာမရိုအဲနာဝမ်း ဦးဆောင်ပြီး AYAS ကျောင်းဆရာ/မများပါဝင်ကာ ကလေးများတရားပွဲကို AYAS ကျောင်း တွင် ၁၀ ရက်တိတိ ကျင်းပခဲ့ကြောင်း၊ ကလေး ၁၀ ဦးမှ တရားဒေသနာဟောပြောပြီး ကျန်းမာရေးသရုပ်ပြဟောပြောပွဲများကို ကလေးများကပင် တင်ဆက်ခဲ့ကြောင်း၊ ညစဉ် ကလေးပေါင်း ၂၀၀ ကျော် တက်ရောက်ပြီး တရားပွဲအပြီးတွင် ဝိညာဉ် ၃၆ လုံးကို ရိတ်သိမ်းနိုင်ခဲ့ကြောင်း၊

ဆက်လက်ပြီး နိုဝင်ဘာလ ၃-၁၂ ရက်နေ့ထိ အထက်မြန်မာပြည်၊ ကချင်ပြည်နယ်၊ ဝူယန်ဓမ္မကျမ်းစာကျောင်းတွင် မစ်ရှင်ညွှန်ကြားရေးမှူး ဆရာမ ဥမ္မာစံ၊ နယ်စီးဆရာတော်ဦးဆင်မြူရယ်သိန်း နှင့်ဇနီးတို့ဦးဆောင်ကာ ကလေးများ တရားပွဲကို ၁၀ ရက်တိတိကျင်းပခဲ့ကြောင်း၊ ညစဉ်ကလေးပေါင်း ၁၀၀ ခန့်နှင့်လူကြီးမိဘများလာရောက် နားထောင်ခဲ့ကြောင်း၊ ကလေး ၉ ဦး ညစဉ်တရားဟောပြီး ကျန်းမာရေးသတင်းစကားများကိုလည်း ဟောပြောခဲ့ကြောင်း၊ တရားပွဲအပြီးတွင် ဝိညာဉ် ၁၅ လုံးရိတ်သိမ်းခဲ့ကြောင်း၊

နိုဝင်ဘာလ ၂၅ ရက်နေ့မှ ဒီဇင်ဘာလ ၃ ရက်အထိ အရှေ့တောင်တိုင်းညွှန်ကြားရေးမှူး ဆရာမရင်ရင်ရွှေနှင့်ဘားအံနယ်စီးဆရာဦးနေဝင်းဦးဆောင်၍အသင်းသူ/သားများဖြစ်ကြသော ဆရာဦးဘိုဝင်း၊ ဒေါက်တာဟန်ထွန်းဇော်နှင့်ဆရာမပုလဲထူးတို့ ပါဝင်ဆက်ကပ်ကာ ဘားအံမြို့သတ္တမနေ့အသင်းတော်ဘုရားကျောင်းတွင် ကလေးများတရားပွဲကို ၁၀ ရက်တိုင်တိုင်ပြုလုပ်ကျင်းပခဲ့ကြောင်း၊ ညစဉ်ကလေးများကိုယ်တိုင် တရားဟောခြင်း၊ ကျန်းမာခြင်းသတင်းပြောကြားခြင်းများပြုလုပ်ခဲ့ကြောင်း၊ တရားပွဲအပိတ်တွင် ဒီဗီဇံဥက္ကဌကြီး Pr. Saw Samuel နှင့်ဇနီး Dr. Orathai Chureson ကလာရောက်အားပေးခဲ့ကြောင်း၊ တရားပွဲအပြီးတွင် ဝိညာဉ် ၄၃ လုံးရိတ်သိမ်းခဲ့ကြောင်း သတင်းရရှိပါသည်။

၂၀၁၆ ခုနှစ်အတွင်း ကလေးများတရားပွဲကို တာဝန်ယူကျင်းပပေးခဲ့ကြသော မစ်ရှင်ညွှန်ကြားရေးမှူးများနှင့် နယ်စီးများ၊ ကျောင်းအုပ်များ၊ အသင်းသူ/သားများ၊ ကို အထူးကျေးဇူးတင်အပ်ပါသည်။ ယခုနှစ် ၂၀၁၇ ခုနှစ်တွင် ကလေးများ တရားပွဲကို ရန်ကုန်တိုင်း၊ ဗဟိုအသင်းတော်တွင်ကျင်းပမည်ဖြစ်ပြီး အလယ်ပိုင်းတိုင်း၊ တာပြေး ဓမ္မကျမ်းစာကျောင်းတွင်ကျင်းပမည်ဖြစ်ပါကြောင်း။ ဘုရားသခင်အတွက် ဆက်ကပ် လုပ်ဆောင်ကြသည့် သင်တို့အားလုံးအပေါ် ဘုရားသခင်ကောင်းကြီးမင်္ဂလာချပေးပါစေ။

ဒေါ်ချိုချိုပေါလ်၊ ညွှန်ကြားရေးမှူး
ယူနီယံ ကလေးများ/မိသားစုသာသနာဌာန



## "SWP 400 Specialist-Writing and Presentation for Radio" သင်တန်းကျင်းပခြင်း။

ပြင်ဦးလွင်မြို့၊ ချယ်ရီလမ်းရှိ ခရစ်တော်ကိုမြော်လင့်သောသတ္တမနေ့အသင်းတော်တွင် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့မှ ၂၂ ရက်နေ့အထိ "SWP 400 Specialist-Writing and Presentation for Radio" သင်တန်း ကျင်းပခဲ့ကြောင်း၊ အဆိုပါသင်တန်းကို "Dr. Surachet Insom, Director, AWR Asia-Pacific Region" နှင့် "Mr. Anniston Mathews, Program Director, AWR Asia-Pacific Region" တို့မှ ဦးဆောင်ခဲ့ကြောင်း။

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့ နံနက်ယံဝတ်ပြုချိန်တွင် "Pr. Rozama" က "လောကီနိုင်ငံအရပ်ရပ်ကို ဧဝံဂေလိလေလှိုင်းသံဖြင့်ကြိုးစားဖြန့်ဝေ ရန်" တိုက်တွန်းအားပေးစကားပြောကြားခဲ့ပါသည်။ သင်တန်းချိန်တွင် "Pr. Shine Tha" က သင်တန်းဖွင့်လှစ်ရခြင်းအကြောင်းရင်းကိုပြောပြပြီး ဘာသာရပ်အလိုက် တက်ရောက် လာသောအမှုဆောင်များကို မိတ်ဆက်ပေးခဲ့ကြောင်း၊ ထိုနေ့တွင် "Dr. Surachet Insom" က "The Work and Mission of AWR" အကြောင်းနှင့် "Writing for Radio" အကြောင်းကိုသင်ကြားပေးခဲ့ကြောင်း၊ "Mr. Anniston Mathews" က "The Studio Mixer" နှင့် "Microphone" အကြောင်း၊ "Adobe Addition" အကြောင်းများကို နားလည်အောင် သင်ကြားပေးခဲ့ပါကြောင်း။

ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် "Pr. Kalu Mu Paul" က "ကျဆုံးဖို့ ဘုရားခေါ်တာ မဟုတ်၊ အောင်မြင်ဖို့ခေါ်တာ" အကြောင်းအားဖြင့် အားပေးခဲ့ပြီး သင်တန်းချိန်တွင် "Dr. Surachet Insom" က ရေဒီယိုအသံလွှင့်ရန် "Script" ရေးနည်း သင်ကြားပေးခဲ့ပြီး လက်တွေ့ရေးစေခဲ့ကြောင်း။

ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် "Pr. Kap Lian Thang" က "အမှုတော်အတွက်

အားကုန်ဆက်ကပ်ရန်” အကြောင်းအားဖြင့် ခွန်အားပေးခဲ့ပြီး သင်တန်းချိန်တွင် "Pr. Kalu Mu Paul" က "Contextualizing the Gospel for the Buddhist" အကြောင်း သင်ကြားပေးခဲ့ပြီး "Mr. Anniston Mathews" က "The Radio Interview" နှင့် "Program Standards" အကြောင်းသင်ကြားပေးခဲ့ပါကြောင်း။

ဒီဇင်ဘာ ၂၂ ရက် နံနက်ယံဝတ်ပြုချိန်တွင် "Pr. Kai Khan Khual" က “ကမ္ဘာအနှံ့ဧဝံဂေလိတရားအမြန်ပြန့်နှံ့ရန်” အကြောင်းနှင့်ပတ်သက်ပြီးအားပေး စကားပြောကြားခဲ့ကြောင်း၊ သင်တန်းချိန်တွင် "Dr. Surachet Insom" က "Generation Ideas and Resources" အကြောင်းနှင့်ပတ်သက်သည့်အရာများ သင်ကြား ပေးခဲ့ကြောင်း၊ သင်တန်းအပြီးတွင် သင်တန်းဆင်းပွဲပြုလုပ်ရာ တက်ရောက်လာသော သင်တန်းသူ/သား အမှုတော်ဆောင် ၂၅ ဦးကို သင်တန်းဆင်းလက်မှတ်များပေးအပ် ခဲ့ကြောင်း သတင်းရရှိပါသည်။



## AWR ချင်းနှင့်စကောကရင် ၂၅ နှစ်ပြည့် ငွေရတုသဘင်ကျင်းပခြင်း။

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့ မွန်းလွဲ ၂ နာရီအချိန်တွင် အထက်မြန်မာပြည်တိုင်းရှိ ပြင်ဦးလွင်သတ္တမနေ့အသင်းတော်တွင် AWR ချင်းနှင့် စကောကရင်တို့၏ ၂၅ နှစ်မြောက် (၁၉၉၁-၂၀၁၆) ငွေရတုသဘင်ကို Pr. Shine Tha (MYUM Communication Dept. Director) ကဦးဆောင်လျက် စည်ကားစွာ ကျင်းပခဲ့ကြောင်း။

အဆိုပါ ချင်းနှင့်စကောကရင် ၂၅ နှစ်မြောက်ငွေရတုသဘင်တွင် Pr. Shine Tha က အဖွင့်အမှာစကားပြောကြားပြီး Pr. Gin Lam Cin ကအဖွင့်ဆုတောင်းကာ အစီအစဉ်ကို စတင်ခဲ့ကြောင်း၊ ချင်းဘာသာအစီအစဉ်နှင့်ပတ်သက်သည့်အကြောင်း ကို Pr. Suan Sawm Sang ကပြောကြားကာ၊ စကောကရင်ဘာသာအစီအစဉ်နှင့် ပတ်သက်သည့်အကြောင်းကို Mr. Ta May Baw ကပြောကြားခဲ့ကြောင်း။

အခမ်းအနားတွင် ဧည့်သည်တော်ဆရာကြီး Dr. Surachet Insom (Director, AWR Asia-Pacific Region) က ပညာနှင့်ပတ်သက်ပြီး ဘုရားရှင်ထံမှတောင်း

လျှောက်နိုင်ကြောင်းကို အားပေးစကားပြောကြားပြီး၊ Mr. Annistom Mathews (Program Director, AWR Asia-Pacific Region) က အလုပ်အကိုင်ကိုအခြေခံ ကျွမ်းကျင်အောင်လေ့လာကြိုးစားရမည်ဖြစ်ကြောင်း အားပေးစကားပြောကြားခဲ့ ကြောင်း။

ထိုနောက် ၂၅ နှစ်တာအတွင်း AWR ချင်းအစီအစဉ်နှင့်စကောကရင်အစီအစဉ်တွင် ပါဝင်ဆက်ကပ်အမှုဆောင်ခဲ့သော အမှုတော်ဆောင်များကို ဂုဏ်ပြုလက်ဆောင်များ၊ ဂုဏ်ပြုလက်မှတ်များပေးအပ်ခဲ့ကြောင်း၊ ကြွရောက်လာသော ဧည့်သည်တော်ပရိတ်သတ်များကိုလည်း AWR အဖွဲ့မှလက်ဆောင်များပေးခဲ့ကြောင်း။

ဆရာ Victor Than က ကျေးဇူးတင်စကားပြောကြားပြီး Mr. Wesley Doe (Assistant to the SSD Tresurer) က ဆုတောင်းခြင်းဖြင့် AWR ချင်းနှင့်စကောကရင် ၂၅ နှစ်မြောက်ငွေရတုသဘင်ကျင်းပခြင်းအစီအစဉ်ပြီးဆုံးခဲ့ကြောင်း သတင်းရရှိသည်။



## “၆ ကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ အမှုဆောင်များညီလာခံကျင်းပခြင်း”

၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်မှ ၁၄ ရက်နေ့အထိ ၆ ကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာအမှုဆောင်များညီလာခံ (The 6th World Wide Missionary Convention) ကို အမှတ် ၆၈၊ ဦးဝိစာရလမ်းရှိ သတ္တမနေ့အသင်းတော်ဗဟိုဌာနချုပ်တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း၊ အဆိုပါ ၆ ကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ အမှုဆောင်များညီလာခံကို တာဝန်ခံညွှန်ကြားရေးမှူးဖြစ်သော Pr. Cho, Young Shik နှင့်အတူ အလှူရှင်သာမန်အသင်းသား ၆ ဦးမှဦးဆောင်၍ကျင်းပခဲ့ကြောင်း။

ဇန်နဝါရီလ ၁၀ ရက်နေ့သင်တန်းအစ၊ နံနက်ယံဝတ်ပြုခြင်း၌ မြန်မာယူနီယံဥက္ကဋ္ဌ Pr. Timothy Muna Paul မှတိုက်တွန်းအားပေးခဲ့ပြီး ညနေဝတ်ပြုခြင်းအစီ အစဉ်၌ Pr. A One Thein မှတိုက်တွန်းအားပေးခဲ့ကြောင်း၊ ဇန်နဝါရီလ ၁၁၊ ၁၂၊ ၁၃ ရက်နေ့အထိနံနက်ယံဝတ်ပြုခြင်း၌ Pr. Kai Khan Khual, Mr. Suan Khen Go နှင့် Mr. San Tin Maung မှတိုက်တွန်းအားပေးခဲ့ပြီး ညနေဝတ်ပြုခြင်းတွင် ၁၀ ရက်အထူးဆုတောင်းခြင်း အစီအစဉ်ကိုကျင်းပခဲ့ကြောင်း၊ မနက်ပိုင်း ၉ နာရီမှ ၁၂ နာရီအထိ မြန်မာယူနီယံ ဌာနဆိုင်ရာညွှန်ကြားရေးမှူးများဖြစ်ကြသော Pr. Khin Maung Latt, Pr. Thang Kang Lo,

Pr. Kai Khan Khual, Pr. Ser Nay, Pr. Lalrawngbawla, နှင့်ဆရာဦးဖုန်းနိုင်တို့မှ မိမိတို့နှင့်သက်ဆိုင်သောဌာနဆိုင်ရာလုပ်ငန်းအားဖြင့် အမှုတော်လုပ်ငန်းကို မည်ကဲ့သို့ ပါဝင်လုပ်ဆောင်နိုင်ကြောင်း သင်တန်းပေးခဲ့ကြောင်း၊ မွန်းလွဲပိုင်းတွင် မစ်ရှင်အသီးသီးမှ ကမ္ဘာလုံးဆိုင်ရာအမှုဆောင်များက မိမိတို့၏အတွေ့အကြုံများကိုပြန်လည်သက်သေခံကြကြောင်း၊

ဇန်နဝါရီလ ၁၄ ရက် နေ့၊ နေ့လည်တရားဟောစည်းဝေးအချိန်တွင် ကိုးရီးယားမှ ပင်တိုင်အလျှုရှင်နှင့် ဇနီး တို့မှ တရားဒေသနာချီးမြှင့်ခဲ့ပြီး နှစ်ခြင်းမင်္ဂလာအစီအစဉ်ကျင်းပခဲ့ကြောင်း၊ ထိုနှစ်ခြင်းမင်္ဂလာအစီအစဉ်တွင် Pr. Cho, Young Shik နှင့် ဧရာဝတီတိုင်းဥက္ကဋ္ဌ Pr. Saxon Shwe တို့မှ လူပေါင်း (၁၃) ဦးကိုနှစ်ခြင်းပေးခဲ့ကြောင်း၊ မွန်းလွဲပိုင်းတွင် ကမ္ဘာလုံးဆိုင်ရာအမှုဆောင်များအတွက် အထူးဆက်ကပ်ခြင်းအစီအစဉ်၌ Elder Amos Lee မှ တရားဒေသနာချီးမြှင့်ခဲ့ပြီး အထူးဆက်ကပ်ဆုတောင်းပေးခဲ့ကြောင်း၊ ၎င်းညီလာခံတွင် ကမ္ဘာလုံးဆိုင်ရာအမှုဆောင် ၈၀ ဦးခန့်တက်ရောက်ခဲ့ပြီး ကိုးရီးယားအလျှုရှင်များမှ မိမိတို့ယူဆောင်လာသောလက်ဆောင်များနှင့်ဆေးပစ္စည်းများကို ဝေပေးခြင်း၊ ဆေးစစ်ဆေးပေးခြင်းများပြုလုပ်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။



## “ဧရာဝတီတိုင်းအမျိုးသမီးသာသနာဌာနမှဦးဆောင်သည့်ရေစမ်းတရားပွဲ”

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၉-၂၁ ရက်နေ့အထိ၊ ဧရာဝတီတိုင်းအမျိုးသမီးသာသနာဌာနမှညွှန်ကြားရေးမှူး ဆရာမ ဒေါ်စလိုးမီရွှေ ဦးဆောင်၍ သာပေါင်းမြို့နယ်၊ ရေစမ်းကျေးရွာ၌တရားပွဲပြုလုပ်ခဲ့ကြောင်း၊ ၎င်းတရားပွဲတွင် G.M. အမှုဆောင်ဖြစ်သော ဆရာစောလားဘွယ်နှင့်အတူ Pr. ညွှန့်ဝင်း၊ ဆရာမျိုးမင်းဦးနှင့်ဆရာကနေဒီတို့မှပါဝင်ဆက်ကပ်ခဲ့ကြောင်း၊ နေ့အချိန်တွင် ရွာသူရွာသားများထံလည်ပတ်ခြင်း၊ စိတ်ဝင်စားသောသူများကို ကျမ်းစာသင်ပေးခြင်းနှင့် ညအချိန်၌တရားပွဲကိုကျင်းပခဲ့ကြောင်း၊ တရားပွဲအဆုံး၌ ဝိညာဉ်အသစ် ၁၁ လုံးရိတ်သိမ်းခဲ့ကြောင်း၊ ဧရာဝတီတိုင်း

အမျိုးသမီးသာသနာဌာနမှညွှန်ကြားရေးမှူး ဆရာမ ဒေါ်စလိုးမီရွှေမှ "ဒီတရားပွဲ အတွေ့အကြုံဟာ ကျွန်မအတွက်ဝိညာဉ်ရေးသာမက စိတ်ဓါတ်ကိုပါ မြှင့်တင်ပေးခဲ့ပါတယ်" ဟု ပြောခဲ့ကြောင်း သတင်းရရှိပါသည်။

ဒီဝီဇံအမျိုးသမီးသာသနာဌာန၏လမ်းညွှန်ချက်အရ ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်တွင် အမျိုးသမီးတရားပွဲများကို တိုင်းမစ်ရှင်အသီးသီးတွင်ကျင်းပသွားရန်ရှိ ကြောင်း၊ ထို့ပြင် ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလတွင်လည်း ဒီဝီဇံအမျိုးသမီးသာသနာဌာန ညွှန်ကြားရေးမှူးဖြစ်သူ Mrs. Helen B Gulfan ကိုယ်တိုင်လာရောက်၍ ဝိညာဉ်ရိတ်သိမ်းခြင်းအစီအစဉ်ကိုဦးဆောင်သွားမည်ဖြစ်သောကြောင့် ဝိညာဉ်တော်ပါရှိပြီး တရားပွဲများအောင်မြင်ရန်ဝိုင်းဝန်းဆုတောင်းပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။



အမှုတော်မြတ်၌
ဒေါ်စိုဟီးလာရှိုင်း၊ ညွှန်ကြားရေးမှူး
ယူနီယံအမျိုးသမီးသာသနာဌာန

## "ထီးလင်းမြို့၌ဝိညာဉ်ရိတ်သိမ်းခြင်း"

မကွေးတိုင်းဒေသကြီး၊ ထီးလင်းမြို့သတ္တမနေ့အသင်းတော်မှ အသင်းအုပ် ဆရာဦးတမ်(ဗ်)နိုင်းစီစဉ်ဖိတ်ကြားမှုနှင့်အတူ  အလယ်ပိုင်းတိုင်း၏ကူညီပံ့ပိုးမှုတို့ဖြင့် ထီးလင်းမြို့သတ္တမနေ့အသင်းတော်တွင် နိုဝင်ဘာလ ၂၂ ရက်နေ့မှ ၂၇ ရက်နေ့ အထိ ဗျာဒိတ်ကျမ်းသင်တန်းကိုအောင်မြင်စွာကျင်းပနိုင်ခဲ့ပါကြောင်း။

ထိုသင်တန်းကို အငြိမ်းစားတိုင်းဥက္ကဌ Pr. Kem Thang မှဦးဆောင်ကာ သင်ကြားပို့ချခဲ့ပြီး အသင်းသူ/အသင်းသား (၇၀) ဦးတို့ ညစဉ်ပုံမှန်တက်ရောက်ခဲ့ကာ အခြားပြင်ပမှ

စိတ်ပါဝင်စားပြီးလေ့လာလိုသူ ၅ ဦးလည်း ပုံမှန်တက်ရောက်ခဲ့ပါကြောင်း။

ထို့ပြင် မင်းတပ်သာသနာနယ်၏နယ်စီးဆရာတော် ဦးအောင်ဝင်းရွှေမှလည်း ထီးလင်းမြို့ပေါ်ရှိ အဆောင်နေကျောင်းသူ၊ ကျောင်းသားများအား ကျမ်းစာသင်ပေးခြင်း အစီအစဉ်များကို နှစ်ကြိမ်တိုင်တိုင် ထပ်မံ၍ကျင်းပပြုလုပ်ခဲ့ကြောင်း၊

ဇန်နဝါရီလ ၂၀ ရက်နေ့တွင် မြန်မာယူနီယံဥက္ကဋ္ဌကြီး Pr. Timothy Muna Paul၊ အလယ်ပိုင်းတိုင်းဥက္ကဋ္ဌ Pr. Alvin Po Po Hla၊ ဘဏ္ဍာရေးမှူး ဦးစောသာထွန်း အေးနှင့်ဇနီးဒေါ်ဂျွန်နေ၁တို့အဖွဲ့သည် ထီးလင်းမြို့သို့ရောက်ရှိလာပြီး အသင်းသူ အသင်းသားများအားဝိညာဉ်ခွန်အားပေးကာ ဇန်နဝါရီလ ၂၁ ရက်နေ့ ဥပုသ်တော်နေ့တွင် ရေနှစ်ခြင်းမင်္ဂလာအစီအစဉ်ကျင်းပခဲ့ကြောင်း၊ ဘုရားရှင်၏ကျေးဇူးတော်ကြောင့် ရေနှစ်ခြင်းခံသူပေါင်း ၂၉ ဦးနှင့်ယုံကြည်ခြင်းအားဖြင့် အသင်းတော်အတွင်းဝင်လာသူ ၁ ဦး၊ စုစုပေါင်း ဝိညာဉ်အလုံးပေါင်း ၃၀ ကိုရိတ်သိမ်းနိုင်ခဲ့ကြောင်း၊ သတင်းရရှိပါသည်။



## "အင်းလယ်ကုန်းရွာမှကျန်းမာခြင်းသာသနာလုပ်ငန်း"

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းတုန်းမြို့နယ်ရှိ အရှိုချင်းတိုင်းရင်းသားများ နေထိုင်ရာ အင်းလယ်ကုန်းရွာတွင် ဇန်နဝါရီလ ၁၈-၂၀ ရက်အထိ အလယ်ပိုင်းတိုင်း ကျန်းမာရေးဌာနညွှန်ကြားရေးမှူး Pr. ဟေရှာယ ဦးဆောင်ပြီး ဆရာသိန်းထွဋ်လင်း၊ ဆရာလေးကပေါ၊ ဆရာမခင်မျိုးမြင့်၊ ဆရာဦးကိုကိုလွင်၊ ဆရာနေကြာ၊ ဆရာကျော်ဝင်းနှင့်ဆရာမဖေါကပေါ်မူး တို့ပါဝင်ကာ ကျန်းမာခြင်းသာသနာလုပ်ငန်းကိုလုပ်ဆောင်ခဲ့ကြောင်း၊ အစီအစဉ်စတင်မည့်အချိန်တွင် အခက်အခဲနှင့်တွေ့ဆုံရပြီး ကျေးရွာအုပ်ချုပ်ရေးမှူးမှ မြို့နယ်ဆရာဝန်၏ခွင့်ပြုချက်ရမှသာလုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ Pr. ဟေရှာယ ဦးဆောင်ပြီးအဖွဲ့သားများအားလုံးအတူတကွဆုတောင်းကာ မင်းတုန်းမြို့နယ်ဆရာဝန်နှင့် သွားရောက်တွေ့ဆုံပြီးခွင့်ပြုချက်တောင်းခံခဲ့ရာ ဘုရားကျေးဇူးတော်ကြောင့်အဆင်ပြေခဲ့ကြောင်း၊ နေ့လည်ပိုင်းတွင် ကျန်းမာရေးစစ်ဆေးမှုများနှင့်အတူ သဘာဝကုထုံးများဖြင့်

လူနာများအားကုသပေးခဲ့ပြီး ညပိုင်းတွင် ကျန်းမာခြင်းဆိုင်ရာသတင်းစကားဝေငှခဲ့ကြောင်း၊ ဆေးကုသခံယူသူ ၁၉၇ ဦးခန့်ရှိကြောင်းနှင့် မကြာမီအချိန်တွင် ထိုနေရာ၌တရားပွဲကို ဆက်လက်၍လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။




**"မြန်မာယူနီယံမိသားစုဝင်များနှင့် YCC အသင်းတော်မိသားစုဝင်များအပန်းဖြေစရိုး"**



မြန်မာယူနီယံမိသားစုဝင်များနှင့် YCC အသင်းတော်မိသားစုဝင်များပူးပေါင်း၍အပန်းဖြေခရီးစဉ်ကို ဇန်နဝါရီလ ၂၂-၂၄ ရက်ထိ ချောင်းသာကမ်းခြေတွင်ပျော်ရွှင်စွာကျင်းပခဲ့ကြောင်း၊ အသင်းသူ/သားများ ၂၁၀ ယောက်ပါဝင်ခဲ့ကြောင်း၊ နံနက်ယံဝတ်ပြုခြင်းအစီအစဉ်ကို Pr. Samuel Po နှင့် Pr. Thang Kang Lo မှဦးဆောင်ခဲ့ပြီး ညဝတ်ပြုခြင်းအစီအစဉ်တွင် Pr. Kelly P Lyan နှင့်ဆရာဦးခဲလေသိန်းတို့မှ ဦးဆောင်ခဲ့ကြောင်း၊ တစ်နေ့တာရေကူးခြင်း၊ စက်ဘီးစီးခြင်း၊ ကျောက်မောင်နှမ၊ သဲဖြူကျွန်းသို့ သွားရောက်လည်ပတ်ခြင်းများပြုလုပ်ခဲ့ကြောင်း၊ ၎င်းအစီအစဉ်ကို လူငယ်ဌာနညွှန်ကြားရေးမှူး Pr. A One Thein, Pr. Khin Maung Yin, U Kyaw Soe Hlaing နှင့် Sayama Esther Po မှ ဦးဆောင်ခဲ့ကြောင်း သတင်းရရှိပါသည်။

# “AWR ပြင်ဦးလွင်စတူဒီယိုအသစ်ဖွင့်ပွဲနှင့်ဆက်ကပ်ပွဲကျင်းပခြင်း”

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ပြင်ဦးလွင်မြို့၊ ချယ်ရီလမ်းရှိ ခရစ်တော်ကိုမြော်လင့်သောသတ္တမနေ့အသင်းတော်ဝင်းအတွင်းတွင် AWR ပြင်ဦး လွင်စတူဒီယိုအသစ်ဖွင့်ပွဲနှင့်ဆက်ကပ်ပွဲကျင်းပခဲ့ရာ AWR ကမ္ဘာ့ဌာနချုပ်မှဧည့်သည်၊ မြန်မာယူနီယံလူကြီးများ၊ အထက်မြန်မာပြည်မစ်ရှင်လူကြီးများ၊ ဌာနဆိုင်ရာညွှန်ကြားရေးမှူးများ၊ AWR အဖွဲ့သူ/သားများ၊ ပြင်ဦးလွင်၊ အနီးစခန်း၊ ကွဲနဒေါက်အသင်း တော်မှအသင်းသူ/သားများ၊ POLAS ကျောင်းအုပ်ကြီးနှင့်ကျောင်းသူ/သားများ စုစုပေါင်း ၁၈၀ ဦးတက်ရောက်ခဲ့ကြောင်း။

အဆိုပါ AWR ပြင်ဦးလွင်စတူဒီယိုအသစ်ကို Elder Dowell Chow, AWR GC President, Elder Timothy Muna Paul, MYUM President, Elder Kap Lian Thang, UMM President မှ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း။

ဖွင့်ပွဲအစီအစဉ်တွင် Pr. Shine Tha ကအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပြီး Pr. Kap Lian Thang ကနှုတ်ခွန်းဆက်စကားပြောကြားကာ Mr. Cally Thein, MYUM Treasurer က အဖွင့်ဆုတောင်းပေးခဲ့ကြောင်း၊ Mr. Maung Maung Myo Chan က AWR ပြင်ဦးလွင်စတူဒီယိုအသစ်နှင့်ပတ်သက်သော သမိုင်းစဉ်ကိုပြောပြပြီး Pr. Kai Khan Khual က အမေရိကန်နိုင်ငံသို့သွားရောက်အလှူခံခဲ့သောအကြောင်း အရာကိုတင်ပြခဲ့ကြောင်း၊ Pr. Gin Lam Cin က AWR ပြင်ဦးလွင်စတူဒီယိုအသစ်တည် ဆောက်ရာတွင်ကုန်ကျငွေစာရင်းရှင်းတမ်းကိုဖတ်ကြားတင်ပြခဲ့ကြောင်း။

ထို့နောက် Elder Dowell Chow, AWR GC President က တရားဒေသနာ ဟောကြားပြီးအထူးဆက်ကပ်ဆုတောင်းပေးခဲ့ကြောင်း၊ Pr. Timothy Muna Paul မှ ဂုဏ်ပြုလက်မှတ်များပေးအပ်ပြီး Pr. Kelly P Lyan က AWR GC President အား အထူးလက်ဆောင်မွန်ပေးအပ်ခဲ့ကြောင်း၊ Pr. Rozama ကကျေးဇူးတင်စကားပြော ကြားပြီး Pr. Alvin Po Po Hla ဆုတောင်းခြင်းဖြင့် အစီအစဉ်ပြီးဆုံးခဲ့ကြောင်း သတင်း ရရှိပါသည်။



## "ကချင်ပြည်နယ်၌ဥပုသ်စာဖြေ၊ တစ်ဦးချင်းသာသနာနှင့် IEL သင်တန်းကျင်းပခြင်း"

မြန်မာယူနီယံမှ ဥပုသ်စာဖြေနှင့် IEL ဌာနညွှန်ကြားရေးမှူး Pr. Thang Kang Lo နှင့်အထက်မြန်မာပြည်တိုင်း ဥပုသ်စာဖြေညွှန်ကြားရေးမှူး Pr. Thang Lian Khai တို့ဦးဆောင်၍ ဇန်နဝါရီလ ၃၀ ရက်မှ ဖေဖေါ်ဝါရီလ ၁ ရက်နေ့အထိ မြစ်ကြီးနားမြို့ မန်ခိန် အသင်းတော်ဘုရားကျောင်းတွင် ဥပုသ်စာဖြေ၊ တစ်ဦးချင်းသာသနာ နှင့် IEL သင်တန်း ကျင်းပခဲ့ကြောင်း၊ ကချင်ပြည်နယ်ရှိအသင်းတော် (၇) ပါးမှ အသင်းအုပ်ဆရာများ၊ အသင်းလူကြီးများနှင့်ဥပုသ်စာဖြေကျောင်းခေါင်းဆောင်များ၊ စုစုပေါင်း (၃၀) ကျော် တက်ရောက်ခဲ့ကြောင်း၊ ၎င်းသင်တန်းတွင်အဖွဲ့ငယ်အားဖြင့် သာသနာပြုနည်း၊ အမှုတော်တွင် အသင်းသားတိုင်းပါဝင်ရေး၊ ဥပုသ်စာဖြေကျောင်း ဌာနခွဲများစီမံခန့်ခွဲရေး၊ ဥပုသ်စာဖြေ သင်ပုံသင်နည်းနှင့်အသင်းတော်တိုင်း IEL ကော်မတီနှင့်အဖွဲ့ငယ်များဖွဲ့စည်းခဲ့ကြောင်း သတင်းရရှိပါသည်။



## "ကျန်းမာခြင်းဌာန၏လှုပ်ရှားမှုများ"

မြန်မာယူနီယံကျန်းမာရေးညွှန်ကြားရေးမှူး Pr. Ser Nay ဦးဆောင်သော အဖွဲ့သူအဖွဲ့သားများသည် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ - ၂၃ တွင် တံ့တေးမြို့ မူးလမန်း ရပ်ကွက်တွင် ကျန်းမာရေးအသိပညာပေး ဟောပြောခြင်းနှင့် ကျန်းမာရေးစစ်ဆေးမှုများကို ပြုလုပ်ကျင်းပခဲ့ကြောင်း၊ ၎င်းရပ်ကွက်ရှိ ရပ်ကွက်သူ/သား အယောက် ၅၀ တက်ရောက်ပြီး ၎င်းတို့အား ကျန်းမာရေးစစ်ဆေးမှုများကို ၂၁ ရက်နေ့တွင် ပြုလုပ်ပေးခဲ့ကြောင်း၊ ၂၂

ရက်နေ့တွင် ကျန်းမာအောင်နေထိုင်နည်းနှင့် ကျန်းမာရေးအသိပညာပေး အကြောင်းအရာများကို ဝေငှခဲ့ကြောင်းသတင်းရရှိသည်။



မြန်မာယူနီယံကျန်းမာရေးညွှန်ကြားရေးမှူးနှင့် ရန်ကုန်တိုင်းကျန်းမာရေးညွှန်ကြားရေးမှူးတို့ဦးဆောင်သော အဖွဲ့သားများသည် တွံတေးမြို့နယ်၊ တံခွန်တိုင်ကျေးရွာရှိ အစိုးရအထက်တန်းကျောင်းရှိ ဆရာ/မ များနှင့် ကျောင်းသားမိဘများအား ကျန်းမာရေးစစ်ဆေးပေးမှုနှင့် ကျောင်းသူကျောင်းသား ၂၀၀ ကျော်အား ကျန်းမာရေးအသိပညာပေး ဟောပြောခြင်းကို ၂၀၁၇၊ ဇန်နဝါရီလ ၂၆ ရက်နေ့တွင် ပြုလုပ်ကျင်းပခဲ့ကြောင်း။



မြန်မာယူနီယံ ကျန်းမာရေးဌာနမှ ဦးဆောင်၍ Medical Missionary Training ကို ဧရာဝတီတိုင်း၊ မြောင်းမြမြို့နယ်၊ MUAS ကျောင်းဝင်းထဲတွင် ဇန်နဝါရီ (၁၇-၃၀) ၂ ပတ်ကြာ သင်တန်းပေးပြုလုပ်ခဲ့ကြောင်း။ တိုင်း (၅) တိုင်းမှ ကိုယ်စားလှယ် (၅) တွဲအား ကျန်းမာခြင်းဆိုင်ရာ စာတွေ့၊ လက်တွေ့ သင်ခန်းစာများကို ဒေါက်တာ ထွေးလေးမှ သင်တန်းပေးပို့ချခဲ့ကြောင်း၊ သင်တန်းပြီးဆုံး၍ အဆိုပါကိုယ်စားလှယ် (၅) တွဲအား အမှုတော်တွင်ပါဝင်လုပ်ဆောင်ရန် ဆက်ကပ်ဆုတောင်းပေးခြင်း အစီအစဉ်ကို ပူးတွဲလုပ်ဆောင်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။



## “ဇရာဝတီတိုင်း တရားပွဲ”

အမေရိကန်နိုင်ငံ၊ မီနီဆိုးတားပြည်နယ်မှ မြန်မာပြည်သို့ပြန်လည်ရောက်ရှိလာသော ဆရာမောရစ်စံနှင့်ဆရာဦးစီးနေ တို့အဖွဲ့သားများဦးဆောင်၍ ဇန်နဝါရီလ ၂၇ ရက်မှ ဖေဖော်ဝါရီလ ၄ ရက်အထိ ဧရာဝတီတိုင်းရှိ မြောင်းမြမဟာကသိုလ်ကျောင်း၊ ပုသိမ်မနိတန်းနှင့် ကံကုန်းအသင်းတော်တွင် တပြိုင်တည်း တရားပွဲကျင်းပခဲ့ကြောင်း၊ တရားပွဲအဆုံးတွင် စုပေါင်းဝိညာဉ်ရိတ်သိမ်းခြင်းပြုလုပ်ပြီး ဝိညာဉ် ၅၄ လုံးရရှိခဲ့ကြောင်း သတင်းရရှိပါသည်။





# “ကြော်ငြာချက်”

၁။ ၂၀၁၇ ခုနှစ် အတွက်ထုတ်ဝေဖြန့်ချီသွားမည့် မီးပြတိုက်မဂဇင်း၌စာမူများလိုအပ်လျက်ရှိပါသည်။ သို့ပါ၍ မိမိတို့ထည့်သွင်းလိုသည့် တရားဟောချက်များ၊ သက်သေခံချက်များ၊ ပုံပြင်များ၊ ကဗျာများ၊ ဆောင်းပါးများ၊ ဝတ္တုတိုများ၊ ကျန်းမာခြင်းဆိုင်ရာအကြောင်းအရာများနှင့်ထူးခြားသောအဖြစ်အပျက်အကြောင်းအရာများကို တာဝန်ခံဆရာမ လှလှမြင့်ထံသို့ပေးပို့ပါရန် အကြောင်းကြားအပ်ပါသည်။ ပေးပို့သောစာမူများအတွက် စာမူခများကို ပြန်လည်ချီးမြှင့်ပါမည်။

၂။ မတ်လ ၁၁ ရက်၊ ၂၀၁၇ ခုနှစ် ဥပုသ်တော်နေ့သည် AWR Day ဖြစ်သောကြောင့် AWR ဌာနအတွက်အလှူတော်ငွေများ ရက်ရောစွာ ထည့်ဝင်လှူဒါန်းပေးရန် ကြိုတင်၍ အကြောင်းကြားအပ်ပါသည်။

၃။ Pr. Cho Young Shik ဦးဆောင်သည့်ကိုရီးယားနိုင်ငံမှ ဆရာဝန်များအဖွဲ့သည် နှုတ်ခမ်းကွဲသူများအား ရန်ကုန်မြို့တွင်လာရောက်ခွဲစိတ်ကုသပေးမည်ဖြစ်ပါသောကြောင့် မိမိတို့အသင်းတော်၊ နေရာဒေသရှိ နှုတ်ခမ်း ကွဲသူများရှိခဲ့သော် ဆရာ ဦးရှိုင်းသာ၊ ဖုန်းနံပါတ်- ၀၉ ၂၅၀ ၃၅၄၁၀၀ သို့အကြောင်းကြားပေးပါရန် သတင်းကောင်းပါးအပ်ပါသည်။

၄။ Facebook တွင်ဖော်ပြထားသော အမေရိကန်သမ္မတသစ် ဒေါ်နယ်ထရန့်မှ Sunday Law အမိန့်ထုတ်ရန် လက်မှတ်ထိုးပြီးကြောင်းဆိုသည့်သတင်းမှာ အမှန် မဟုတ်ကြောင်း၊ ကမ္ဘာ့ဌာနချုပ်ရှိသာသနာ့ဆက်သွယ်ရေးဌာနမှ သတင်းထုတ်ပြန်မှသာလျှင် အတည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

၅။ AWR GC President အသစ်ပြန်လည်ရွေးကောက်ပြီးစီးခြင်း။



Duane McKey: Newly-appointed president of Adventist World Radio